ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

နွားထိုးကြီးမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)


ဖောင်ချဉ်းတောင်ကျေးရွာ၊စည်သာကျေးရွာအုပ်စု

၂၀၁၈ ခုနှစ်    နွားထိုးကြီးမြို့နယ်

# မာတိကာ　　　　　　　　　　　　　　　　　　　စာမျက်နှာ


| | | |
|---|---|---|
| ၁။ | မြို့နယ်မြေပုံ | ၁ |
| ၂။ | ကျေးရွာမြေပုံ(တည်နေရာ) | ၂ |
| ၃။ | အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၂ |
| ၄။ | ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း) | ၃ |
| ၅။ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား | ၄ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ | ၆ |
| ၇။ | ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ | ၂၅ |
| ၈။ | ကျေးရွာအချက်အလက်(ပုံစံ-၁) | ၂၆ |
| ၉။ | စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂) | ၂၉ |
| ၁၀။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃) | ၃၀ |
| ၁၁။ | အစည်းအဝေးမှတ်တမ်းများ | ၃၂ |
| ၁၂။ | ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၃၇ |
| ၁၃။ | ကျေးရွာဖွံ့ဖြိုးရေးစီမံချက် အရည်အသွေးထိန်းချုပ်မှု (Checklist For VDP) | ၃၈ |

# ၁။ နွားထိုးကြီး မြို့နယ်မြေပုံ



## ၂။ ကျေးရွာမြေပုံ (တည်နေရာ)



ကျေးရွာတည်နေရာ- လတ္တီတွဒ် 21.42 လောင်တီတွဒ် 95.66

## ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | အိမ်ထောင်စု | (ကျား)စုစုပေါင်း | (မ)စုစုပေါင်း | လူမျိုးစုများ |
|---|---|---|---|---|---|---|
| ၁ | စည်သာကျေးရွာအုပ်စု | ဖောင်ချဉ်းတောင် | ၃၃၀ | ၇၂၂ | ၇၄၇ | ဗမာ |
| ၂ | | ဖောင်ချဉ်းမြောက် | ၁၆၀ | ၃၈၂ | ၃၉၃ | ဗမာ |
| ၃ | | စည်သာ | ၄၃ | ၁၁၃ | ၁၂၅ | ဗမာ |

# ၄။ ကျေးရွာအခြေခံအချက်အလက်များ( ကျေးရွာသမိုင်းကြောင်း)

ဖောင်ချဉ်းတောင်ကျေးရွာသမိုင်း

ကျေးရွာသမိုင်းဟုဆိုရာ၌ရှေးလူကြီးသူမတို့၏ ဆိုစကားနှင့် ပရပိုက်စာပေ၊ ကျောက်စာတိုင် စေတီပုထိုးတို့အား ထောက်ရှုခြင်းအားဖြင့် ဖောင်ချဉ်းကျေးရွာသည် အလွန်ရှေးကြသော ရွာကြီး တစ်ရွာဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုရသော် AD ၈ ရာစုခန့်က ပုထိုးတော် AD ၁၀ ရာစုခန့်က ကျောက်စာတိုင်များ၊ အလွန်ရှေးကြသော ရှေးဟောင်းဘုန်းတော်ကြီးများအား ထောက်ရှုခြင်းဖြင့် သိနိုင်ပါသည်။

ရှေးလူကြီးသူမတို့၏ ဆိုရိုးစကားအရ မဏိစည်သူမင်းကြီး ဖောင်တော်ဖြင့် တိုင်းခန်း လှည့်လည်ရာ ခတ္တဖေါင်တော်ချဉ်းကပ်စံပယ်သောနေရာဖြစ်သောကြောင့် ဖေါင်ချဉ်း ဟု အမည် နာမခေါ်တွင်စေ၍ ရွာကလေးတစ်ရွာ စတင်တည်ထားခဲ့ပါသည်။ ဖေါင်ချဉ်းကျေးရွာအနီးတွင် ဖေါင်ချဉ်းချောင်းကိုလည်း ယနေ့ထက်တိုင် မြင်တွေ့နေရဆဲဖြစ်ပါသည်။

ထို့နောက် ကျစ္စာရှင် မင်းတရားလက်ထက်တွင် ဖေါင်ချဉ်းချောင်း၏ မြောက်ဘက်တွင် ကျစ္စာရှင် ဘုရားနှင့် ဖေါင်ချဉ်းချောင်း၏ တောင်ဘက်တွင် ဘုရားကိုးဆူ တည်ထားခဲ့ပါသည်။ ဗုဒ္ဓသာသနာတော်ဖြန့်ကျက်ရာမှ ဘုရားအားဆက်လက်ပြုပြင်ထိန်းသိမ်းရန်နှင့် သာသနာတော် ဆက်လက်တည်တံ့ခိုင်မြဲရေးအတွက် ကိုးဆူကုန်းရွာကလေးတည်ထားခဲ့သည်။ ကိုးဆူကုန်းရွာမှာ ယခုအခါဖေါင်ချဉ်းတောင်ဟူ၍၄င်း ယခင်ဖေါင်ချဉ်းကျေးရွာမှာ ဖေါင်ချဉ်းမြောက်ဟူ၍၄င်း နှစ်ရွာ တစ်ရွာ ပေါင်းစည်းနေထိုင်လာကြသည်မှာယနေ့ထက်တိုင်ပင်ဖြစ်ပါသည်။

မိုးခေါင်ရေရှား အပူပိုင်းဒေသတွင်နေထိုင်သူများဖြစ်၍ မိရိုးဖလာ လယ်ယာတောင်သူ လုပ်ငန်းဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုသူများဖြစ်ကြပါသည်။ ယခင်ဆယ်အိမ်စုကလေးများမှ ယခုအခါ ရာအိမ်စုအထိအဆင့်ဆင့်တိုးတက်ပြောင်းလဲလာပြီး ပညာရေးမှာလည်း ယခင် ပြည်တော်သာကျောင်းအဆင့်မှ ယခုအခါ အခြေခံပညာ အလယ်တန်းကျောင်းအထိအဆင့်ဆင့် တိုးတက်ပြောင်းလဲလာပြီဖြစ်ပါသည်။ သို့သော်မြို့ပြနှင့် ဝေးကွာသော ရွာကလေးတစ်ရွာဖြစ်သည် နှင့်အညီ ကျေးရွာတစ်ရွာ၏ လိုအပ်သော အခြေခံအဆောက်အဦးများစွာ လိုအပ်နေပါသေးသည်။

## ၅။ (က)လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်း

ဖောင်ချဉ်းတောင်ကျေးရွာအတွင်းရှိအိမ်ထောင်စုအများစုသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျပန်းလုပ်ငန်း (ပန်းရံ) လုပ်ငန်းများအားအဓိကထားအသက်မွေးကြကြောင်းတွေ့ရှိရပါသည်။ မြို့နှင့် အခြားကျေးရွာများသို့ အဓိက ထားဆက်သွယ်သောလမ်းများမှာမိုးရာသီတွင် သွားလာရခက်ခဲနေသည် ကိုတွေ့ရှိရပါသည်။ မိုးခေါင်ရေရှားမှုများ နှစ်စဉ် ကြုံလာရပြီးစိုက်ပျိုးသီးနှံများ ဖြစ်ထွန်းမှုနည်းပါးလာ နေသည်ကိုတွေ့ရှိရပါသည်။

အခြားသောရာသီများတွင် ယာလုပ်ငန်းခွင်များဝင်ရောက်လုပ်ကိုင်နေကြရသောကြောင့် တပို့တွဲ၊ တပေါင်း၊တန်ခူးလများတွင် စီမံကိန်းလုပ်ငန်းခွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်လျှင် ကျေးရွာလူထု ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်မည်ကိုတွေ့ရှိရပါသည်။ ကျေးရွာအတွင်းလုပ်ငန်းခွင်များတွင်အမျိုးသားများ သည် အမျိုးသမီးများထက် လုပ်အားခပိုမိုရရှိနေသည်ကိုတွေ့ရပါသည်။ ကျေးရွာအတွင်းအိမ်ထောင်စုများ တွင်အလယ်အလတ်တန်းအဆင့်အိမ်ထောင်စုပိုမိုများပြားသည်ကိုတွေ့ရပါသည်။ လူထုဗဟိုပြုစီမံကိန်း လုပ်ငန်း တွင်ကျေးရွာသားများပါဝင်ဆောင်ရွက်ရလျှင် ကျေးရွာအတွင်းရှိဆင်းရဲသော အိမ်ထောင်စုများ အတွက် ဝင်ငွေအခွင့်အလမ်းတိုးတက်ရရှိမည်ဖြစ်ပါသည်။

ကျေးရွာ၏ဖွံ့ဖြိုးရေးနှင့်အခြားအရေးကိစ္စရပ်အတော်များများတွင် အမျိုးသားများကအမျိုးသမီးများ ထက် ဦးဆောင်မှုတွင် ပိုမိုပါဝင်ဆောင်ရွက်နေကြသည်ကိုသာတွေ့ရှိရပြီး အမျိုးသမီးများသည် မိမိကိုယ်ကို ယုံကြည် စိတ်အားနည်းကာ မှီခိုသောအကျင့်များနေသည်ကိုတွေ့ရှိရပါသည်။ သို့ဖြစ်ပါသဖြင့်အမျိုးသမီး များကိုလည်း ကျေးရွာ၏ ဖွံ့ဖြိုးရေးများတွင် ပူးပေါင်းပါဝင်ဆုံးဖြတ်တတ်သော အလေ့အကျင့်နှင့် လုပ်ကိုင်ခွင့်ပိုမိုရရှိအောင် ကူညီပံ့ပိုးသင့်ပါသည်။ ကျေးရွာအတွင်းကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ကိုင် ဆောင်ရွက်နေသော အဖွဲ့အစည်းအတော် များများရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာအဖွဲ့ အစည်းများသည် အချို့သောကျေးရွာပြင်ပဖွံ့ဖြိုးရေးအဖွဲ့ အစည်းများဖြင့် ချိတ်ဆက်ဆောင်ရွက် နေသည်ကိုလည်းတွေ့ရှိရပြီးကျေးရွာအတွင်းအဖွဲ့အစည်းအချင်းချင်းမှာလည်း ချိတ်ဆက်မှု အားနည်း သည်ကိုလည်းတွေ့ရှိရပါသည်။

# (ခ)အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PRA/PSA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ ( Social Map / Resource Map) | ၁၄.၁၁.၁၇ | ရွာလူထု | ၁၅ | ၅ | ၂၀ | ကျေးရွာနယ်နိမိတ်အတွင်းရှိ အိမ်ခြေအဆောက်အဦ၊ဘုရားပုထိုးများစသောကျေးရွာ၏လက်ရှိအခြေအနေနှင့်လယ်မြေစိုက်ခင်းပိုင်ဆိုင်မှုပြအခြေအနေများကိုရေးဆွဲဖော်ထုတ်ခဲ့သည်။ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် ( Seasonal Calender) | ၁၄.၁၁.၁၇ | ရွာလူထု | ၁၄ | ၆ | ၂၀ | ကျေးရွာရှိရွာသူရွာသားများ၏ ရာသီအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စိုက်ပျိုးချိန်ရိတ်သိမ်းချိန်၊ တိရိစ္ဆာန်များရောဂါဖြစ်ပွားမှု၊ သီးနှံများပိုးမွှားကျရောက်မှု၊ ရာသီပွဲတော်များ၊ ကျေးရွာမှ လူများဝင်ငွေရရှိမှုအခြေအနေများကိုကျေးရွာမှ လူများပါဝင်ဆွေးနွေး ရေးဆွဲကြသည်။ |
| ၃ | ကျေးရွာ၏ဦးစားပေးအစီအစဉ်ပြဇယား (Metric Ranking) | ၁၄.၁၁.၁၇ | ရွာလူထု | ၃၅ | ၁၅ | ၅၀ | ကျေးရွာသူကျေးရွာသားများ၏ ကျေးရွာအတွက် အဓိကလို အပ်သောစီမံကိန်းလုပ်ငန်းခွဲများကိုညှိနှိုင်းတိုင်ပင်ရေးဆွဲခဲ့ကြသည်။ |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၁၄.၁၁.၁၇ | ရွာလူထု | ၂၆ | ၅ | ၃၁ | ကျေးရွာအတွင်းတွင်ရှိနေသောလူမှုအဖွဲ့အစည်းများ နှင့် ကျေးရွာလူထုအကြား ချိတ်ဆက်နေမှုကိုထင်သာမြင်သာရှိအောင် ဖော်ဆောင်နိုင်ခဲ့သည်။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၁၄.၁၁.၁၇ | ရွာလူထု | ၁၄ | ၁၄ | ၂၈ | အမျိုးသားနှင့်အမျိုးသမီးများအကြားအလုပ်အကိုင်အခွင့်အလမ်း၊တန်းတူအခွင့် အရေး၊ ပညာသင်ကြား နိုင်မှု၊ ဘ၀လုံခြုံမှု စသည့်အခြေအခြေအနေအရပ်ရပ်ကိုဆွေးနွေးခဲ့ကြသည်။ |
| ၆ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း ( Wealth Ranking) | ၁၄.၁၁.၁၇ | ရွာလူထု | ၁၅ | ၁၇ | ၃၂ | ကျေးရွာအတွင်းရှိ လူများအကြား၊ငွေကြေး၊ပစ္စည်းဥစ္စာ၊နေအင်အားပိုင်ဆိုင်မှုအဆင့်ခွဲခြားပြသခြင်းဖြင့် ကျေးရွာအတွက် လိုအပ်မည့်ဝင်ငွေရရှိရေးအစီအစဉ်များကို ထည့်သွင်းစဉ်းစားနိုင်ရန် စဉ်းစားခဲ့ကြသည်။ |

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(က) ကျေးရွာလူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ



# လူမှုရေးအရင်းအမြစ်ပြမြေပုံဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျေးရွာ။ ။ ဖောင်ချဉ်း(တောင်) ရက်စွဲ။ ။၁၄. ၁၁. ၁၇

ဖောင်ချဉ်း(တောင်)ရွာတွင် သီးနှံစိုက်ပျိုးခြင်းဖြင့် အဓိက အသက်မွေးဝမ်းကြောင်းပြုကြပါသည်။ပဲစိမ်းငုံ၊ နှမ်း၊ ထောပတ်ပဲ အဓိကထားစိုက်ပျိုးကြပါသည်။မြေပဲ၊ကြက်သွန်၊ကုလားပဲ အနည်းငယ်စိုက်ပျိုးကြပါသည်။လယ်မြေအနည်းငယ်သာရှိပြီး၊ ယာမြေများရှိကြပါသည်။

၅နှစ်အတွင်း လူနေမှုအဆင့်အတန်းမြင့်မားလာ၍ ယာအထွက်နှုန်းများမှာမိုးခေါင်လျှင်နည်ပါးပါသည်။


ဖောင်ချဉ်း(တောင်)ရွာတွင်သီးခြားနေထိုင်သော အဖွဲ့အစည်းများမရှိပါ။

အခြားဒေသများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသူများ ရှိကြပါသည်။နွားထိုးကြီး၊ကျောက်ဆည်၊ရန်ကုန် ဒေသများသို့ အပြီးပြောင်းရွှေ့နေထိုင်သူများ ရှိကြပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်စေရန်ကျောင်းအုတ်တံတိုင်းပြုလုပ်ခြင်း၊ လျှပ်စစ်မီးရရှိခြင်း၊ရွာတွင်း၊ရွာပြင်လမ်းပြုပြင်ခြင်း၊ အိမ်တိုင်းစေ့ ရေပေးဝေရေးများ လိုအပ်ပါသည်။



## (၁) ရာသီခွင်ပြပြက္ခဒိန်



# ရာသီခွင်ပြပြက္ခဒိန်ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျေးရွာ။ ။ ဖောင်ချဉ်း(တောင်) ရက်စွဲ။ ။၁၄. ၁၁. ၁၇

ပြက္ခဒိန်တွင် ရာသီဥတုအခြေအနေ၊ စိုက်ပျိုးသီးနှံ၊ ရာသီပွဲတော်၊ ဝင်ငွေရရှိမှု၊ အစားအစာဖူလုံမှု၊ သောက်သုံးရေရရှိမှု၊ ကျန်းမာရေးအခြေအနေ၊ သဘာဝဘေးအန္တရာယ်တို့ပါရှိပါသည်။

ဖောင်ချဉ်းရွာတွင် မိုးနည်းပါး၍ ပူလောင်ပါသည်။စိုက်ပျိုးသီးနှံများမှာ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံစိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကြောင်းပြုကြသည်။သီးနှံပေါ်ချိန်တွင် ဝင်ငွေရရှိမှု အသင့်အတင့်ရှိနေပြီး ကျန်အချိန်များတွင် ဝင်ငွေလုံလောက်မှုများမရှိပါ။

ရာသီပွဲတော်များမှာ ရာသီအလိုက် ဘုရားပွဲ ဘာသာရေးပွဲများကျင်းပပြုလုပ်ကြပါသည်။။ သီတင်းကျွတ်လဆန်း(၁၄)ရက်၊ (၁၅)ရက်နှင့် လပြည့်ကျော်(၁)ရက်နေ့များတွင် ကျစွာရှင်ဘုရားပွဲနှင့် ဘိုးတော်ကြီးနတ်ပွဲကို ဖောင်ချဉ်း(၂၄)ရွာမှ စည်ကားသိုက်မြိုက်စွာကျင်းပကြပါသည်။

ဝါဆို၊ ဝါခေါင်၊ တပို့တွဲ၊ တပေါင်းလများတွင် အစားအစာဖူလုံမှုရှိပါသည်။ တစ်ခြားလများတွင် အစားအစာနည်းပါးပါသည်။

နွေရာသီတွင်လည်း သောက်သုံးရေးလျော့နည်းပါသည်။ကျန်ရာသီများတွင် သောက်သုံးရေလုံလုံလောက်လောက်ရရှိပါသည်။ အမျိုးသားများ၏ တစ်နေ့ လုပ်အားခမှာ ၅၀၀၀ ကျပ်ဖြစ်ပြီး အမျိုးသမီးများ၏ တစ်နေ့လုပ်အားခမှာ ၃၀၀၀ကျပ် ဖြစ်ပါသည်။ အမျိုးသား၊အမျိုးသမီးလုပ်အားခ တန်းတူညီမျှမှုမရှိပါ။

ကျန်းမာရေးအခြေအနေတွင် တော်သလင်း၊ သီတင်းကျွတ်လများမှာ အနည်းငယ် နေထိုင်မကောင်းဖြစ်ကြပါသည်။

ဖောင်ချဉ်းတောင်ကျေးရွာတွင် သဘာဝဘေးအန္တရာယ် ကျရောက်ဖူးခြင်းမရှိပါ။

ကျေးရွာသူ၊ ကျေးရွာသားများရာသီခွင်ပြပြက္ခဒိန်ရေးဆွဲနေပုံ



## (ဂ) ဥစ္စာဓနပိုင်ဆိုင်မှုပြဇယား

ကျေးရွာ။ ။ဖောင်ချဉ်းတောင် ရက်စွဲ။ ။၁၄.၁၁.၂၀၁၇

| စဉ် | အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ချမ်းသာ | တိုက်အိမ်၊နွား(၁၀)ကောင်၊နွားစာစဉ်းစက် လယ်မြေ(၂၀)ကေအောက်ပိုင်ဆိုင် | ၁၈ | ၅.၄၆% |
| ၂ | အလယ်အလတ် | သွပ်မိုးထရံကာအိမ်၊နွား(၅)ကောင်၊လှည်း လယ်မြေ(၃-၅)ကေဂန်းကျင်ပိုင်ဆိုင် | ၁၁၀ | ၃၃.၃၃% |
| ၃ | ဆင်းရဲ | သွပ်မိုးထရံကာအိမ်၊ နွား(၂)ကောင်၊ လှည်း၊သိုး၊ဆိတ်၊မြေယာ၁-၂ကေပိုင်ဆိုင် | ၁၄၀ | ၄၂.၄၂% |
| ၄ | အလွန်ဆင်းရဲ | ဝါးအိမ် လက်လုပ်လက်စား၊မြေယာမရှိ | ၆၂ | ၁၈.၇၉% |
|  | စုစုပေါင်း |  | ၃၃၀ | ၁၀၀% |

ကျေးရွာ။ ။ ဖောင်ချဉ်း(တောင်) ရက်စွဲ။ ။၁၄. ၁၁. ၁၇

ကျေးရွာအတွင်း အိမ်ထောင်စု စုစုပေါင်း(၃၃၀)အိမ်ထောင်စုရှိပါသည်။ချမ်းသာသော အိမ်ထောင်စု (၁၈)အိမ်ထောင်စု၊ အလယ်အလပ် အိမ်ထောင်စု (၁၁၀) အိမ်ထောင်စု၊ ဆင်းရဲသော အိမ်ထောင်စု (၁၄၀)အိမ်ထောင်စု၊ အလွန်ဆင်းရဲသော အိမ်ထောင်စု (၆၂) အိမ်ထောင်စုရှိပါသည်။


ကျေးရွာတွင်ဆင်းရဲသော အိမ်ထောင်စုနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုမှ ရွာ၏ တစ်ဝက်ကျော်ခန့်ရှိနေပါသည်။ ဆင်းရဲရခြင်းများမှာ မြေယာပိုင်ဆိုင်မှုမရှိခြင်း၊ လက်လုပ်လက်စားများနေခြင်း၊ မိုးခေါင်၍သီးနှံအထွက် နည်းပါးခြင်း၊ ကုန်းဈေးနှုန်းမြင့်တတ်ခြင်းတို့ကြောင့်ဖြစ်ပါသည်။

စီမံကိန်းလုပ်ငန်းများတွင် ဆင်းရဲနွမ်းပါးသူများအား ပါဝင်လုပ်ကိုင်စေခြင်းအားဖြင့် လုပ်အားခများ ရရှိပြီးဆင်းရဲနွမ်းပါးမှုအား အနည်းငယ်လျော့ချနိုင်စေပါမည်။ ဆင်းရဲနွမ်းပါးမှုလျော့ကျစေရန် ချေးငွေများထောက်ပံ့ခြင်း၊ စက်ရုံ၊အလုပ်ရုံများ တည်ဆောက်ပေးခြင်းများလိုအပ်ပါသည်။

ကျေးရွာသူ၊ ကျေးရွာသားများဥစ္စာဓနကြွယ်မှုပြဇယားရေးဆွဲနေပုံ



(ဃ)ပင့်ကူအိမ်သုံးသပ်ချက်ပြဇယား



# ပင့်ကူအိမ်သုံးသပ်ခြင်းဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျေးရွာ။ ။ဖောင်ချဉ်း(တောင်) ရက်စွဲ။ ။၁၄. ၁၁. ၁၇

အမျိုးသားတွေက ဆုံးဖြတ်ချက်ချနိုင်မှု၊ ဦးဆောင်နိုင်မှု၊ ဝင်ငွေရရှိမှု၊ ပိုင်ဆိုင်မှု၊ ထိန်းချုပ်နိုင်မှုများမှာအားသာနေပါသည်။

အမျိုးသမီးတွေအနေဖြင့် အိမ်မှုကိစ္စတွေမှာ အားသာပြီး၊ ပညာရေးမှာ တန်းတူအခွင့်အရေးရရှိနေ၍ လုံခြုံမှု့ ဦးဆောင်နိုင်မှုတွေမှာ အားနည်းနေပါသည်။

အမျိုးသား၊အမျိုးသမီးများ၏ ကွာခြားချက်များမှာ အမျိုးသားများက ဦးဆောင်မှုတွေများနေပြီး အမျိုးသမီးများကမှီခိုနေခြင်းကြောင့်ဖြစ်ပါသည်။

ကွာခြားချက်များမှာ ထုံးတမ်းအစဉ်အလာရ၊အမျိုးသမီးတွေက မိမိကိုယ်ကိုယုံကြည်မှုနည်းနေသော ကြောင့်ဖြစ်ပါသည်။

အမျိုးသမီးတွေရဲ့ စွမ်းဆောင်ရည်တိုးတက်လာစေရန် ပြုလုပ်ပေးခြင်းဖြင့် ကွာဟချက်တွေလျော့နည်း လာစေပါမည်။

စီမံကိန်းလုပ်ငန်းတွေမှာ အမျိုးသမီးတွေတင်ပြသော လုပ်ငန်းများကို အကောင်အထည်ဖော်ခြင်း၊ လုပ်ငန်းလုပ်ဆောင်ရာတွင် အမျိုးသမီးများကို လုပ်ခလစာတူညီစွာပေးခြင်းဖြင့် အမျိုးသမီးတွေကို စွမ်းဆောင်ရည်မြင့်မားလာစေပါမည်။

ကျေးရွာသူ၊ ကျေးရွာသားများပင့်ကူအိမ်သုံးသပ်ချက်ပြဇယားရေးဆွဲနေပုံ



## (င) အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား



# အဖွဲ့အစည်းချိတ်ဆက်မှုပုံစံဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျေးရွာ။ ။ ဖောင်ချဥ်း(တောင်) ရက်စွဲ။ ။၁၄.၁၁.၁၇

ကျေးရွာအတွင်းအဖွဲ့အစည်း (၉)ခုရှိပါသည်။ အုပ်ချုပ်ရေးမှူးအဖွဲ့၊တတ်လူပရဟိတအဖွဲ့၊ CAD၊အရန်မီးသတ်အဖွဲ့၊ကျောင်းကော်မတီ၊ဂေါပကအဖွဲ့၊ဓမ္မစကြာအဖွဲ့၊အမျိုးသမီးရေးရာအဖွဲ့ လူထုဗဟိုပြုစီမံကိန်းအဖွဲ့ဟူ၍ အဖွဲ့အစည်းများရှိပါသည်။

ကျေးရွာအတွင်းအဖွဲ့အစည်းများ ချိတ်ဆက်မှုအားနည်းပါသည်။အုပ်ချုပ်ရေးမှူးအဖွဲ့မှာ ပညာရေးအတွက် ထောက်ပံ့လုပ်ကိုင်မှုများအားနည်းပါသည်။ကျောင်းကော်မတီအဖွဲ့မှာ ပွင့်လင်းမြင်သာမှုမရှိပါ။ဂေါပကအဖွဲ့မှာလုပ်ဆောင်ချက်များအားနည်းပါသည်။ အဖွဲ့အစည်းများအတွင်း အမျိုးသမီးများပါဝင်မှုအားနည်းပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့အစည်းများ လိုအပ်နေပါသေးသည်။


လူထုဗဟိုပြုစီမံကိန်းအဖွဲ့မှာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် ကျေးရွာလူထု အသိပညာတိုးတက်ပြီးစွမ်းဆောင်ရည်မြင့်တက်လာစေရန် အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသော အဖွဲ့ဖြစ်ပါသည်။


ကျေးရွာပြင်ပမှမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ပညာရေးမှူးရုံး၊ဝက်လူးရဲစခန်း၊ဝက်လူးတိုက်နယ်ဆေးရုံ တို့နှင့်ချိတ်ဆက်မှုရှိပြီး ချိတ်ဆက်မှုအားနည်းပါသည်။ ဖောင်ချဥ်း(တောင်)ရွာအတွင်း အဖွဲ့အစည်းများချိပ်ဆက်မှုအားကောင်းလာစေရန်လိုအပ်နေပါသေး သည်။

ကျေးရွာသူ၊ ကျေးရွာသားများအဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံရေးဆွဲနေပုံ



## (စ) အရင်းအမြစ် သုံးစွဲမှုနှင့် ထိန်းချုပ်မှုပြဇယား




အရင်းအမြစ်ထိန်းချုပ်ခွင့်ဇယား
ရက်စွဲ - ၁၄-၁၁-၂၀၁၇
ကျား
မ
ကျား/မ
လယ်ထွန်စက်
ဆေးခန်း
ဘုန်းကြီးကျောင်း
စာသင်ကျောင်း
ယက်ကန်းစင်
ဆိုင်ကယ်
အပ်ချုပ်စက်

## အရင်းအမြစ်သုံးစွဲမှုနှင့်ထိန်းချုပ်မှုပြဇယားဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျေးရွာ။ ။ ဖောင်ချဉ်း(တောင်) ရက်စွဲ။ ။၁၄. ၁၁. ၁၇

အမျိုးသား၊အမျိုးသမီး အသုံးပြုသော အခြေခံအဆောက်အဦးများမှာ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ ရေတွင်း၊ ကား၊ မော်တော်ဆိုင်ကယ်၊ လမ်း၊ ဆေးရုံဆေးခန်း တို့ဖြစ်ပါသည်။

အမျိုးသားများအသုံးပြုသော အရာများမှာ လယ်ထွန်စက်၊ နွားလှည်း တို့ဖြစ်ပါသည်။

အမျိုးသမီးအသုံးပြုသော အရာများမှာ ယက်ကန်းစဉ်၊ အပ်ချုပ်စက်၊ မီးဖိုချောင်သုံး ပစ္စည်းအနည်းငယ်သာရှိပါသည်။

အမျိုးသားများ ထိန်းချုပ်နေသော အခြေခံအဆောက်အဦးများမှာ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ ရေတွင်း၊ ကား၊ မော်တော်ဆိုင်ကယ်၊ လမ်း၊ ဆေးရုံဆေးခန်း၊ လယ်ထွန်စက်၊ နွားလှည်း၊ယက်ကန်းစင် တို့ဖြစ်ပါသည်။

အမျိုးသမီးများ ထိန်းချုပ်နေသော အရာများမှာ အပ်ချုပ်စက်၊ မီးဖိုးချောင်သုံး ပစ္စည်းတို့ဖြစ်ပါသည်။

အမျိုးသားများ၏ ထိန်းချုပ်မှုများမှာ အမျိုးသမီးများထက် ပိုများနေပါသည်။ အမျိုးသားများက ထိန်းချုပ်မှုများနေရခြင်းမှာ ထုံးတမ်းအစဉ်အလာအရနှင့် အမျိုးသမီးများ မှီခိုစိတ်များနေခြင်း ကြောင့်ဖြစ် ပါသည်။ အမျိုးသား၊အမျိုးသမီး တန်းတူဖြစ်စေရန် အမျိုးသားများက အမျိုးသမီးများကိုပူးပေါင်းလက်တွဲခေါ်ဆောင်သင့်ပါသည်။

ကျေးရွာသူ၊ ကျေးရွာသားများအရင်းအမြစ် သုံးစွဲမှုနှင့် ထိန်းချုပ်မှုပြဇယားရေးဆွဲနေပုံ



## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ









# ၈။ ကျေးရွာအချက်အလက်( ပုံစံ-၁)

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးဖော်ချိုး | ၀၉-၅၈၁၆၆၆၆၂၀ | ဦးမွှေလဝေါ့ခွိုင် |

| | | | |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး [illegible] | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] (တ) |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ---- | ၃၃၀ | ဘာသာ (၁) ဗုဒ္ဓ---- | ၃၃၀ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၅ | | ၅ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၄၅ | | ၄၅ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)-ဗမာ-- | ၇၂၂ | ၇၄၇ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၂၆၈ | ၆၂ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|

| | | | | | |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း (မြေသားလမ်း) လူသွားလမ်း အခြား __________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် .......... /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--၄---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--၁ နာရီ---(ထော်လာဂျီ)/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်----၁.၁၀ နာရီ---(ထော်လာဂျီ)/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ　　□ ရှိပါသည်　　ရှိလျှင်ဖော်ပြပါ ---------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) CAD ---------------------------

(၂) -----------------------------------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□ မရှိပါ　　☑ ရှိပါသည်

ကျေးရွာခေါင်းဆောင်　　အမည် [illegible]

လက်မှတ်　　နေ့စွဲ ၁၄.၁၁.၂၀၁၇

လူထုစည်းရုံးရေးမှူး　　အမည် [illegible]

လက်မှတ်　　နေ့စွဲ ၁၄.၁၁.၂၀၁၇

# ၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား ( ပုံစံ-၂)

ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

*လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးဇော်လင်းထွန်း

နေ့စွဲ ၁၄. ၁၁. ၂၀၁၇

စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄)

ပြည်နယ်/တိုင်း မန္တလေး | မြို့နယ် ပျားတိုးကြီး | ကျေးရွာအုပ်စု စည်သာ | ကျေးရွာ ဖောင်ချိုး (တ)

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၄.၁၁.၁၇ | ၁၄.၁၁.၁၇ | ၁၄၈ | ၃၃ | ၁၈၁ | ဗမာ | ၁၈၁ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၄.၁၁.၁၇ | ၁၄.၁၁.၁၇ | ၁၄၈ | ၃၃ | ၁၈၁ | ဗမာ | ၁၈၁ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၃၀.၁၁.၁၇ | ၃၀.၁၁.၁၇ | ၉ | ၂ | ၁၁ | ဗမာ | ၁၁ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |

# ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ( ပုံစံ-၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

*လမ်းညွှန်ချက်။* အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးငွေလင်းထွန်း | | | |
| နေ့စွဲ ၁၄.၁၁.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း မကွေး | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] (တ) |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|
| ၁ ကျောင်းခြံစည်းရိုးမရှိ | ၁ ၅ နှစ်အောက်ကလေးများ ထိန်း၊ ထိန်းသူမရှိ |
| ၂ ရွာပြင်လမ်းမကောင်း၍ သွားလာရခက် | ၂ အမျိုးသမီးများ ဝင်ငွေနည်း |
| ၃ ရေသောက်ရေသုံး ရေနည်းပါး | ၃ ကျေးရွာ [illegible]၊ ရွာဖွံ့ဖြိုးမှု အားနည်း |
| ၄ ရွာအရှေ့ဘက်ချောင်းကူး တံတား [illegible] | ၄ ကျေးရွာတွင်း လမ်းများ သွားလာရခက်ခဲ |
| ၅ ကျန်းမာရေးအသိပညာ နည်း | ၅ ရွာမှ မြို့သို့ သွားလာသည့်လမ်း၊ [illegible] |

၆. စာတတ်သူများ ကျန်းမာရေး ဗဟုသုတနည်း

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|
| ၁ ကျောင်းခြံစည်းရိုးကာရံ ရှိရန် | ၁ ၅ နှစ်အောက်ကလေးများ ထိန်း၊ ထိန်းသူရှိရန် |
| ၂ ရွာပြင်လမ်း ကောင်းမွန်ရေး ရှိရန် | ၂ အမျိုးသမီးများ ဝင်ငွေများ ရရှိရန် |
| ၃ သောက်သုံးရေ လုံလောက်စွာ ရရှိရန် | ၃ [illegible] ကျေးရွာ ဖွံ့ဖြိုး ရန် |
| ၄ ရွာအရှေ့ဘက်တံတား ခိုင်ခံ့ရန် | ၄ ရွာတွင်း လမ်းများ သွားလာ လွယ်ကူရန် |
| ၅ ကျန်းမာရေးအသိပညာ တိုးရန် | ၅ ရွာမှ မြို့သို့ သွားလာသည့်လမ်း၊ [illegible] |

၆. ကျန်းမာရေး ဗဟုသုတများ ရရှိရန်

**ဂ။** လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာပြင်လမ်း ပြုပြင်ခြင်း | ကျား၊ မ | ၁၆,၀၀၀,၀၀၀ | ၁၇၀၀ |
| ၂ | ရွာတွင်းလမ်း ပြုပြင်ခြင်း | မ ၊ မ | ၁၅,၀၀၀,၀၀၀ | ၁၄၆၉ |
| ၃ | ကျောင်းခြံစည်းရိုး ပြုပြင် | ကျား၊ မ | ၁၃,၀၀၀,၀၀၀ | ၁၄၆၉ |
| ၄ | ရွာအရှေ့ဘက်တံတား ပြုပြင် | ကျား၊ မ | ၁၅,၀၀၀,၀၀၀ | ၁၄၆၉ |
| ၅ | ရေပိုက်သွယ်တန်း ခြင်း | ကျား | ၁၅,၀၀၀,၀၀၀ | ၁၄၆၉ |

**ဃ။** လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

၆. လျှပ်စစ်မီး သွယ်တန်းခြင်း ကျား၊ မ ၃၀,၀၀၀,၀၀၀ ၁၄၆၉

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး | အဆိုပြုသူ (အမျိုးသားများ/ | အခန်းကဏ္ဍ |
|---|---|---|---|

| | တိုးတက်မှု လုပ်ငန်းစဉ်များ | အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | |
|---|---|---|---|
| ၁ | လက်မှု သင်တန်း | မ - | |
| ၂ | မူကြို ကျောင်း | ကျား၊မ | |
| ၃ | ချေးငွေ ပိုမိုရရှိရန် | မ | |
| ၄ | စိုက်ပျိုးရေး ပညာသင်တန်း | ကျား | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးကျော်[illegible] ---------- လက်မှတ် ------------------ နေ့စွဲ ၁၄.၁၁.၂၀၁၇ ----

## ၁၁။အစည်းအဝေးမှတ်တမ်းများ

### အစည်းအဝေးမှတ်တမ်း

အကြောင်းအရာ။ ။ စီမံကိန်းမိတ်ဆက်အစည်းအဝေး

ကျေးရွာအမည် ။ ။ဖောင်ချဉ်းတောင်ကျေးရွာ ရက်စွဲ။ ။၁၄. ၁၁. ၁၇

အုပ်စု ။ ။ စည်သာကျေးရွာအုပ်စု

လူဦးရေ ။ ။ကျား-၁၄၈ မ-၃၃= စုစုပေါင်း-၁၈၁ ဦး

အိမ်ထောင်စု ။ ။၁၈၁ခု

အစည်းအဝေးစတင်ချိန် 12:00 PM

**12:00 to 12:10 Pဖောင်ချဉ်းတောင်ကျေးရွာအုပ်ချုပ်ရေးမှူးဦးဇော်မိုးမှအဖွင့်အမှာစကားပြောကြားခြင်း။**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် စည်းစည်းလုံးလုံးနှင့်ကျေးရွာလူထုက အစည်းအဝေးပြီးဆုံးသည်ထိ တတ်ရောက်ရန် တတ်တတ်ကြွကြွပူးပေါင်း ပါဝင်ရန်ပြောကြား။ ကျေးရွာ၏အမှန်တစ်ကယ်လိုအပ်ချက်များကို ကျေးရွာလူထုမှ ပူပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရန် အမှာစကားပြောကြား။ မိမိတို့လိုအပ်ချက်ကို သေချာစဉ်းစားပြီး အကောင်းဆုံးဖော်ထုတ် ပေးကြရန်တိုက်တွန်းပြောကြားခဲ့ပါသည်။

လူထုဗဟိုပြုစီမံကိန်းပထမအကြိမ်နှင့်ဒုတိယအကြိမ်အစည်းအဝေးမှာ အရေးပေါ်ပြုလုပ်ရခြင်းဖြစ်ပြီး ကျေးရွာတွင်းမှာလည်းအလှူပွဲရှိသောကြောင့်အမျိုးသမီးများလုပ်အားပေးရှိပါသဖြင့်အမျိုးသမီးတက်ရောက်သူ ဦးရေမှာနည်းပါးရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

**12:11to12:35PMလူထုစည်းရုံးရေးမှူးဦးငွေလင်းထွန်းမှစီမံကိန်းမိတ်ဆက်အကြောင်းရှင်းလင်း**

စီမံကိန်းမိတ်ဆက် ၁၅ချက်ကိုအသေးစိတ် ရှင်းလင်းပြသ၊ ပြောဆိုခဲ့ပါသည်။ ပထမနှစ်စက်ဝန်းမှာလုပ်ငန်းခွဲလုပ်ကိုင်ခွင့်မရခဲ့သော်လည်း သင်တန်းများတက်ရောက်ပြီးသည်ဖြစ်သည့်အတွက် ကော်မတီဝင်များအနေဖြင့်အနည်းငယ်အတွေ့အကြုံရှိလာပြီဖြစ်ကြောင်း။ ကျေးရွာလူထုမှလည်းအဓိက ပူပေါင်းပါဝင်လုပ်ဆောင်ကြရန်နှင့် တတ်တတ်ကြွကြွ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ကြရန်ပြောကြား။ အနှစ်ချုပ်အနေဖြင့် မရှင်းလင်းသည်များကို ကျေးရွာလူထုမှ မေးမြန်းကြရန်ပြောကြားခဲ့ပါသည်။

**12:36 to 12:50 PM စီမံကိန်းစက်ဝန်းအကြောင်းကို ဦးငွေလင်းထွန်းမှ ရှင်းလင်းပြောကြား**

စက်ဝန်းတစ်ပါတ်လည်သလို စီမံကိန်းမှာလည်း တစ်ပါတ်လည်သွားပြီးဖြစ်သည့်အတွက် ဒုတိယနှစ်စီမံကိန်းစက်ဝန်းသို့ရောက်လာပြီးဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ယခုနှစ်စီမံကိန်းစက်ဝန်း မှစတင်လုပ်ကိုင်ခွင့်ရသော်လည်း တက်ညီလက်ညီဖြင့် စီမံကိန်းစက်ဝန်းတစ်လျှောက်လုံး ပူပေါင်းဆောင်ရွက် သွားကြရန်တိုက်တွန်းပြောကြားခဲ့ပါသည်။စီမံကိန်းစက်ဝန်းတစ်လျှောက်လုံး ကော်မတီဝင်များနှင့်ကျေးရွာလူထုမှ အဓိကလုပ်ဆောင်သွားရမည်ဖြစ်ကြောင်းဆွေးနွေးခဲ့ပါသည်။ဒုတိယနှစ်စက်ဝန်းမှာလည်း စီမံကိန်းမှာ အပိုင်း(၆)ပိုင်းနှင့် အဆင့် (၁၄)ဆင့် တို့ရှိကြောင်းနှင့် ၄င်းတို့ကို အသေးစိတ်ထပ်မံရှင်းလင်းပြောကြားခဲ့ပါသည်။

**12:51 to 1:05 PMတာဝန်ရှိသူနှင့်တာဝန်ဝတ္တရားများအကြောင်းကိုဒေါ်ငွေငွေဦးမှရှင်းလင်းပြောကြား**

စီမံကိန်းအတွင်းတာဝန်ရှိသူများနှင့် ၄င်းတို့၏တာဝန်ဝတ္တရားများအကြောင်းကို တစ်ခုချင်းအသေးစိတ်ရှင်းလင်းပြောကြားခဲ့ပါသည်။ ပထမနှစ်စက်ဝန်းမှာ လုပ်ကိုင်ဆောင်ရွက်ခဲ့ရခြင်းမရှိသော်လည်း

သက်ဆိုင်ရာသင်တန်းများအသီးသီးတက်ရောက်ခဲ့ရသဖြင့် ကော်မတီဝင်များအနေဖြင့် မိမိတို့၏ရာထူးနှင့် တာဝန်များကိုသိလောက်မည်ဖြစ်ကြောင်းမရှင်းလင်းသည်များရှိခဲ့လျှင်မေးမြန်းစေလိုကြောင်းပြောဆို ဆွေးနွေး ခဲ့ပါသည်။

ဦးငွေလင်းထွန်း၊ ဦးကောင်းမြတ်မျိုး၊ ဒေါ်ဌေးဌေးဦး၊ တို့မှ စီမံကိန်းမိတ်ဆက်၊ စီမံကိန်းစက်ဝန်း၊ တာဝန်ရှိသူများနှင့် တာဝန်ဝတ္တရားများအကြောင်းကို အနှစ်ချုပ်ပြောကြားပြီး ကျေးရွာလူထုနှင့် အပြန်အလှန် ဆွေးနွေးကြ၍ မရှင်းလင်းသည်များကို မေးမြန်းဖြေကြားခဲ့ပါသည်။

**1:06 to 1:15 PM** လူထုစည်းရုံးရေးမှူး ဒေါ်ဌေးဌေးဦးမှ ပထမနှစ်စက်ဝန်းမှ စေတနာ့ဝန်ထမ်းနှစ်ဦးကို ကျေးရွာလူထုမှဆက်လက်လုပ်ကိုင်စေလိုခြင်းရှိမရှိမေးမြန်းခဲ့ရာ ရွာလူထုမှ ဆက်လက်လုပ်ကိုင်ရန်သဘော တူညီကြပြီး ကာယကံရှင်များကို မေးမြန်းခဲ့ရာ ဆက်လက်လုပ်ကိုင်မည်ဟုသဘောတူညီသောကြောင့် စေတနာ့ဝန်ထမ်းအမျိုးသား ဦးအောင်ဇော်ထိုက်နှင့် အမျိုးသမီး ဒေါ်ခင်ချိုဝင်းတို့အား ပြန်လည်အတည်ပြု ခန့်အပ် ခဲ့ပါသည်။

## **1:17 PM** လူမှုဆန်းစစ်ခြင်း လုပ်ငန်းများကို အဖွဲ့ခွဲ၍ လုပ်ဆောင်

လူမှုအရင်းအမြစ်ပြမြေပုံ နှင့် ဥစ္စာဓနကြွယ်ဝမှုဇယားအကြောင်းကို ဦးငွေလင်းထွန်း မှ ရွာသူရွာသားများနှင့်အတူ ကျေးရွာ၏မြေပုံကိုပြန်လည်ပြသ၍ရွာအတွင်းရှိ နေအိမ်အဆောက်အဦး အခြေခံအဆောက်အဦးများကို ပြန်လည်အတည်ပြုမေးမြန်းရေးဆွဲခြင်း နောက်(၅)နှစ်အတွင်းကျေးရွာ ဖွံ့ဖြိုးရေးကို မည်ကဲ့သို့ ထပ်မံစိတ်ကူးပုံဖော်ထားကြောင်း နှင့် လိုအပ်သည်များကို ကျေးရွာလူထုမှတင်ပြ၍ မြေပုံအတွင်းထည့်သွင်း ဖြည့်စွက်ခြင်းတို့ကို လုပ်ဆောင်ခဲ့ပါသည်။ ဥစ္စာဓန ကြွယ်ဝမှုမှ ကျေးရွာအတွင်း လူမှုလူတန်းစား အဆင့်(၄)မျိုးမှာလည်း ပြောင်းလဲလာမှုရှိမရှိမေးမြန်းခဲ့ရာ ပြောင်းလဲမှုမရှိသေးသည့်အတွက် ယမန်နှစ်မှ အကြောင်းအရာများအားပြန်လည်အတည်ပြုမေးမြန်း ဆွေးနွေးခဲ့ကြပါသည်။ ဆင်းရဲသူ လူတန်းစားများ နည်းပါးလာစေရန်စက်မှုလက်မှုသင်တန်းများနှင့်ဝင်ငွေရရှိစေရန် အလုပ်ရုံများဖွင့်လှစ် စေချင်ကြောင်းပြောကြခဲ့ပါသည်။

ပင့်ကူအိမ်သုံးသပ်ခြင်းနှင့် ပိုင်ဆိုင်မှုသုံးသပ်ခြင်းအကြောင်းကို ဒေါ်ဌေးဌေးဦးမှ ရွာသူရွာသားများနှင့်အတူ ပင့်ကူအိမ်သုံးသပ်ချက်အားပြန်လည် ဆွေးနွေးခဲ့ရာအမျိုးသား၊အမျိုးသမီး အခွင့်အရေး၊ ဦးဆောင်နိုင်မှု၊ ဝင်ငွေရရှိမှု အလုပ်အကိုင်အခွင့်အလမ်းတို့မှာအမျိုးသား၊အမျိုးသမီး တန်းတူအခွင့်အရေးရှိမရှိ မေးမြန်းပြောဆိုပြီး တန်းတူအခွင့်မရရှိသေးသည့်အကြောင်း ပြောင်းလဲရန်မှာ အချိန်ယူရမည်ဖြစ်ကြောင်း ပြောဆိုခဲ့ကြပါသည်။ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှုများမှာ အမျိုးသားများက အမျိုးသမီးများထက် ပိုင်ဆိုင်မှု ထိန်းချုပ်မှုများ နေတုန်းပင် ရှိသေးကြောင်း အနည်းငယ်တော့ ပြောင်းလဲလာပြီဖြစ်ကြောင်းပြောဆိုဆွေးနွေးကြပါသည်။

ရာသီခွင်ပြပြက္ခဒိန်နှင့်အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံအကြောင်းကို ဦးကောင်းမြတ်မျိုးမှ ရွာသူ ရွာသား များနှင့်အတူ ၁၂ ရာသီအတွင်း ကျေးရွာတွင် ဖြစ်ပျက်နေသည့် ရာသီဥတုအခြေအနေ၊ စိုက်ပျိုးသီးနှံ၊ ရာသီပွဲတော်၊ သောက်သုံးရေ၊ ဝင်ငွေရရှိမှု၊ သဘာဝဘေးအန္တရာယ်၊ အစားအစာဖူလုံမှု၊ ကျန်းမာရေး၊ အခြေအနေတို့ကို ပြန်လည်အတည်ပြုမေးမြန်းဖော်ထုတ်ခဲ့ရာ ထူးထူးခြားခြားပြောင်းလဲမှုမရှိသေးကြောင်း ပြောဆိုဆွေးနွေးကြပါသည်။ ကျေးရွာအတွင်းအဖွဲ့အစည်းများ တိုးလာမှုရှိမရှိမေးမြန်းရာ လူထုဗဟိုပြုစီမံကိန်း မှလွဲ၍မရှိသေးကြောင်း အဖွဲ့အစည်းများအချင်းချင်းချိပ်ဆက်မှု ရှိလာပြီဖြစ်ကြောင်းပြောဆိုကြပါသည်။

လူမှု့ဆန်းစစ်ခြင်းလုပ်ငန်းစဉ်များအကြောင်းကို ရွာသူ၊ရွာသားများနှင့် အနှစ်ချုပ် ပြန်လည်တင်ပြ ဆွေးနွေးပြီး အစည်းဝေးကိုအောင်မြင်စွာရုပ်သိမ်းခဲ့ပါသည်။ အစည်းအဝေးပြီးဆုံးချိန် **2:00 PM**

# အစည်းအဝေးမှတ်တမ်း

အကြောင်းအရာ။ ။ ဒုတိယအကြိမ်အစည်းအဝေး

ကျေးရွာအမည်။ ။ ဖောင်ချဉ်းတောင်ကျေးရွာ ရက်စွဲ။ ။၁၄. ၁၁. ၁၇

အုပ်စု ။ ။ စည်သာကျေးရွာအုပ်စု

လူဦးရေ ။ ။ ကျား-၁၄၈၊ မ-၃၃= စုစုပေါင်း ၁၈၁ ဦး

အိမ်ထောင်စု ။ ။၁၈၁ခု

အစည်းအဝေးစတင်ချိန် 4:00 PM

**4:00 to 4:05 PMဖောင်ချဉ်းတောင်ကျေးရွာအုပ်ချုပ်ရေးမှူးဦးဇော်မိုးမှ အဖွင့်အမှာစကားပြောကြားခြင်း**

နေ့လည်ပိုင်းမှာပထမအကြိမ်အစည်းအဝေးတက်ရောက်သလိုညနေပိုင်းဒုတိယအကြိမ်အစည်း အဝေးမှာလည်း ခုလိုစုံစုံညီညီ တက်ရောက်ပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း အစည်းအဝေးတွင်ပြီးစီးအောင်နားထောင်ပေးကြဖို့၊ လုပ်ငန်းရွေးချယ် ခြင်းနှင့်ကော်မတီများပြန်လည်အတည်ပြုရွေးချယ်ရာတွင်လည်း သေချာရွေးချယ်ကြရန်ပြောကြားခဲ့ပါသည်။

**4:07 to 4:15 PM** ဦးငွေလင်းထွန်း၊ ဦးကောင်းမြတ်မျိုး၊ ဒေါ်ဌေးဌေးဦး တို့မှ ပထမအကြိမ်အစည်းအဝေးမှလူမှုဆန်းစစ်ချက်များအားပြန်လည်တင်ပြဆွေးနွေးမရှင်းလင်းသည်များလိုအပ်ချက်များရှိပါကမေးမြန်းပြောဆိုကြရန်ပြောကြားပါသည်။

**4:17 PM** ဦးငွေလင်းထွန်း၊ ဦးကောင်းမြတ်မျိုး၊ ဒေါ်ဌေးဌေးဦး တို့မှကျေးရွာလူထုအား ဦးစားပေးလုပ်ငန်းများ ရွေးချယ်ရာတွင်ကူညီ။

ဦးစားပေးလုပ်ငန်းများအားပြန်လည်အတည်ပြုရန် အမျိုးသား၊အမျိုးသမီးများ၏ ပြဿနာအခက်အခဲများ၊ မျှော်မှန်းချက်များ ရှင်းပြ၍ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရွေးချယ်ခဲ့ရာ ပထမဦးစားပေးအနေဖြင့်ရွာပြင်လမ်းပြုပြင်ခြင်း၊ နံပါတ်(၂)ဦးစားပေးရွာတွင်းလမ်းပြုပြင်ခြင်း၊ နံပါတ်(၃)ဦးစားပေး ကျောင်းခြံစည်းရိုးပြုပြင်ခြင်း၊ နံပါတ်(၄) ရွာအနောက်တံတားပြုပြင်ခြင်း၊ နံပါတ်(၅)ဦးစားပေး ရေပိုက်သွယ်တန်းခြင်း၊ နံပါတ်(၆)ဦးစားပေးလျှပ်စစ်မီးသွယ်တန်းခြင်း၊ နံပါတ်(၇)ဦးစားပေး လက်မှုသင်တန်း၊ နံပါတ်(၈)ဦးစားပေးမူကြိုကျောင်း၊ နံပါတ်(၉)ဦးစားပေးချေးငွေပိုမိုရရှိရန်၊ နံပါတ်(၁၀)ဦးစားပေး စိုက်ပျိုးရေး ပညာသင်တန်းဟူ၍ဦးစားပေးလုပ်ငန်းများထွက်ပေါ်လာခဲ့ပါသည်။

လက်ထောက်နည်းပညာမှူး ဦးကောင်းမြတ်မျိုးမှ စီမံကိန်းအတွင်းအကျုံးဝင်သောလုပ်ငန်းများနှင့်အကျုံးမဝင်သောလုပ်ငန်းများအကြောင်း ရှင်းပြပြီး စီမံကိန်းလုပ်ငန်းလုပ်ကိုင်ရာတွင် လူမှုပန်ဝန်းကျင်အကာအကွယ်များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကာအကွယ်များအကြောင်းတို့ကိုရှင်းလင်းပြောကြားခဲ့ပါသည်။

ဦးငွေလင်းထွန်း၊ ဦးကောင်းမြတ်မျိုး၊ ဒေါ်ဌေးဌေးဦး၊ တို့မှ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များကိုပြန်လည်အတည်ပြုရွေးချယ်ခဲ့ကြရာ ကျေးရွာလူထုအား ပထမနှစ်စက်ဝန်းမှ ကော်မတီဝင်များအားထပ်မံခန့်အပ်ရန်သဘောတူမတူမေးမြန်းခဲ့ကြပါသည်။ ကျေးရွာလူထုမှ ပထမနှစ်စက်ဝန်းမှကော်မတီဝင်များအားပြန်လည်ခန့်အပ်ရန် သဘောတူညီခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ကော်မတီဝင်များအားပြန်လည်လုပ်ကိုင်လိုခြင်းရှိမရှိကိုတစ်ဦးခြင်းမေးမြန်းခဲ့ရာ လည်ပတ်ထိန်းသိမ်းရေးကော်မတီဝင် ဦးနိုင်မိုးမှာ

ပြန်လည်လုပ်ကိုင်လိုခြင်းမရှိတော့သည့်အတွက် ၄င်းအစား ဒေါ်သန်းသန်းခိုင်အား ကျေးရွာလူထုမှ အဆိုပြုရွေးချယ်ခဲ့ကြပါသည်။ စောင့်ကြည့်ကြီးကြပ်ရေးကော်မတီဝင် ဒေါ်ခင်စိုးဝင်းမှာလည်း ပြန်လည်လုပ်ကိုင်နိုင်ခြင်းမရှိတော့သည့်အတွက်၄င်းအစားဒေါ်ခင်မာတင်အားကျေးရွာလူထုမှ အဆိုပြုရွေးချယ်ခဲ့ကြပါသည်။

အထက်ပါအကြောင်းအရာများအားလုံးကို ပြန်လည်အတည်ပြုသဘောတူအနှစ်ချုပ်ခဲ့ကြပြီးအစည်းအဝေးကို အောင်မြင်စွာရုပ်သိမ်းခဲ့ကြပါသည်။

အစည်းအဝေးပြီးဆုံးချိန် **5:15 PM**

# ကျေးရွာလူထု မဲပေးရွေးချယ်ခဲ့သောဖောင်ချဉ်းတောင်ရွာ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁ | ဦးအောင်ဇော်ထိုက် | ကျေးရွာ စေတနာ့ဝန်ထမ်း |
| ၂ | ဒေါ်ခင်ချိုဝင်း | ကျေးရွာ စေတနာ့ဝန်ထမ်း |
| ၃ | ဦးကျော်နိုင် | စီ-ထောက်ဥက္ကဌ |
| ၄ | ဒေါ်ရီဝင်း | စီ-ထောက်ဥက္ကဌ |
| ၅ | ဦးဝင်းဆွေ | ဝယ်ယူရေးဆပ်ကော်မတီ |
| ၆ | ဦးဇော်ဝင်း | ဝယ်ယူရေးဆပ်ကော်မတီ |
| ၇ | ဒေါ်ခင်ညွန့်ဝေ | ဝယ်ယူရေးဆပ်ကော်မတီ |
| ၈ | ဒေါ်သန်းသန်းခိုင် | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၉ | ဦးဇော်မင်း | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၀ | ဒေါ်ရီလွင် | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၁ | ဦးခင်မောင်ဆွေ | ကျေးရွာငွေစာရင်းကိုင် |
| ၁၂ | ဦးမောင်နိုင် | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၁၃ | ဦးပေါ်လာ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၁၄ | ဒေါ်ခင်မာတင် | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၁၅ | ဦးဝင်းသန်း | အကြံပြုတိုင်ကြားရေးတာဝန်ခံ |
| ၁၆ | ဒေါ်မာရင် | အကြံပြုတိုင်ကြားရေးတာဝန်ခံ |

# ၁၂။ကလျာအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | လ/နှစ် | ကျေးရွာတာဝန်ခံ(သို့) အုပ်စု | ပြင်ပမှမည်သူထောက်ပံ့မလဲ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ရွာမှကားလမ်းသို့ လမ်းပြင်ခြင်း | ☐ ကျား√<br>☐ မ√ | ၂၀၁၈ | ကျေးရွာ | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | ရွာတွင်း ကွန်ကရစ် လမ်းခင်းခြင်း | ☐ ကျား√<br>☐ မ√ | | မရှိသေးပါ | မရှိသေးပါ |
| | ၃ | ရွာအနောက်ဘက်တံတား ပြင်ခြင်း | ☐ ကျား√<br>☐ မ√ | | မရှိသေးပါ | မရှိသေးပါ |
| | ၄ | | ☐ | | | |
| | ၅ | | ☐ ကျား<br>☐ မ | | | |
| အသက်မွေးဝမ်းကျောင်း၊ စိုက်ပျိုးရေး | ၁ | စိုက်ပျိုးရေးသင်တန်း | ☐ ကျား√<br>☐ မ | | မရှိသေးပါ | မရှိသေးပါ |
| | ၂ | လက်မှုသင်တန်း | ☐ ကျား<br>☐ မ√ | | မရှိသေးပါ | မရှိသေးပါ |
| | ၃ | ချေးငွေရရှိရန် | ☐ ကျား<br>☐ မ√ | | မရှိသေးပါ | မရှိသေးပါ |
| | ၄ | | ☐ ကျား<br>☐ မ | | | |
| | ၅ | | ☐ ကျား<br>☐ မ | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | သောက်သုံးရေ ရရှိရန် | ☐ ကျား√<br>☐ မ | | မရှိသေးပါ | မရှိသေးပါ |
| | ၂ | | ☐ ကျား<br>☐ မ | | | |
| | ၃ | | ☐ ကျား<br>☐ မ | | | |
| | ၄ | | ☐ ကျား<br>☐ မ | | | |
| | ၅ | | ☐ ကျား<br>☐ မ | | | |
| ပညာရေး | ၁ | မူကြိုကျောင်းဖွင့်ခြင်း | ☐ ကျား√<br>☐ မ√ | | မရှိသေးပါ | မရှိသေးပါ |
| | ၂ | စာသင်ကျောင်းခြံစည်းရိုး ပြုပြင်ခြင်း | ကျား√<br>မ√ | | မရှိသေးပါ | မရှိသေးပါ |
| | ၃ | | ☐ ကျား<br>☐ မ | | | |
| | ၄ | | ☐ ကျား<br>☐ မ | | | |
| | ၅ | | ☐ ကျား<br>☐ မ | | | |
| အခြား | ၁ | | | | | |
| | ၂ | လျှပ်စစ်မီးရရန် | ☐ ကျား√<br>☐ မ√ | | မရှိသေးပါ | မရှိသေးပါ |

## ၁၃။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် အရည်အသွေးထိန်းချုပ်မှု (Checklist For VDP)

ထိန်းချုပ်သူ ရက်စွဲ- ရွာ- VDP ရက်စွဲ

မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက် ရလဒ်)
- အမျိုးသား/ အမျိုးသမီး အဖွဲ့များ သဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများ စာရင်း ( အခြေခံ အဆောက်အဦ၊ အသက်မွေးမှု၊ ပညာရေး၊ လူမှုရေး ထိန်းသိမ်းမှု...)

နောက်ဆက်တွဲများ -

- လူမှုအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ....
- ကျေးရွာစီမံကိန်း ရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏ အချက်အလက် ( PC1 ပုံစံ )
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုအကဲဖြတ်မှု အရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင် ပါဝင်သောလူဦးရေ ( အမျိုးသား/ အမျိုးသမီး)
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက် -
- ပါဝင်သော လူဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း ( အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသား အနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
    - အလွန်ကောင်း
    - ကောင်း
    - ညံ့

- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီး အဖွဲ့အစည်းအဝေး၏ ရလဒ်အား ခွဲခြားပေးထားသလား
    - ရှိ
    - မရှိ
- စီမံကိန်း အရေအတွက် (အမျိုးသား/ အမျိုးသမီး ရွေးချယ်မှု အရေအတွက်) –

PRA နှင့် သက်ဆိုင်သော အခြား စီမံကိန်းအရေအတွက် (အမျိုးသား/ အမျိုးသမီး ရွေးချယ်မှု အရေအတွက်) –